# Lailenpi မြို့ အုပ်ချုပ်ရေးနှင့် ဒေသလုံခြုံရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့

၁။ အိန္ဒိယ - မြန်မာနယ်စပ် မြို့ဖြစ်သည့် Lailenpi မြို့ အခြေစိုက် စစ်ကောင်စီ၏ ခလရ (၃၀၄) တပ်စခန်း နှစ်နေရာ အား CNA, CDF – Thantlang, CDF – Zophei, CDF – Lautu, CDF – Matupi ( Battalian II) နှင့် ဒေသ အ ခြေစိုက် CDF– Mara စသည့် ပူးပေါင်းတပ်ဖွဲ့တို့မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၂၄) ရက်နေ့တွင် အပြီး အပိုင် သိမ်းပိုက်နိုင်ခဲ့ပြီး တမြို့လုံးကို ထိန်းချုပ်နိုင်ခဲ့သည်။

၂။ နှစ်ဖက် တိုက်ပွဲအတွင်း မိမိ အသက် အန္တရာယ် လုံခြုံရေးအတွက် ယာယီ စစ်ဘေးရှောင် ဒေသခံ ပြည်သူ တို့၏ လူမှုအခက်အခဲများကို ကူညီဖြေရှင်းပေးခဲ့သော ပြည်သူများ၊ မီဇိုရမ်ပြည်နယ် မှ ဒေသခံပြည်သူများ၊ လူမှုအသင်းအဖွဲ့များအား အထူးကျေးဇူးတင်ရှိကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

၃။ CNF/CNA နှင့် Maraland Council /CDF – Mara သည် နှစ်ဖက် တိုက်ပွဲကြောင့် စစ်ဘေးရှောင်နေသော ပြည်သူများ ဒေသတွင်း လုံခြုံချောမောစွာ ပြန်လည်ဝင်ရောက်လာနိုင်ရေး ၊ ပြန်လည်နေရာချထားရေးနှင့် နယ်မြေ ရှင်းလင်းရေးတို့ကို ပြည်သူလူထု ပါဝင်ပူးပေါင်းမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

၄။ Lailenpi မြို့သည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ချင်းလဲန်းအကြား ပြည်သူများ၊ စစ်ဘေးရှောင်များ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ စစ်ရေး အရ ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်းကောင်း လုံခြုံရေး အရ မဟာဗျူဟာကျသည့်မြို့ဖြစ်ပြီး ပြည်သူ့လုံခြုံရေး၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် အထူး လိုအပ်နေသည်။

၅။ ထို့ကြောင့် CNF/CNA နှင့် Maraland Council/ CDF – Mara သည် လူထုလုံခြုံရေး၊ ဒေသတည်ငြိမ်ရေး နှင့် အိန္ဒိယ - မြန်မာနယ်စပ်အတွင်း ပြည်သူများနှင့် စစ်ဖက်ဆိုင်ရာ ဆက်သွယ်သွားလာမှု အဆင်ပြေစေရေး ကို ရှေ့ရှုလျက် ဒေသခံများ ကိုယ်တိုင် ဖော်ဆောင်သည့် Lailenpi မြို့ ပြည်သူ့အုပ်ချုပ်ရေးကို ပူးတွဲပြီး ဆက် လက် အကောင်အထည်ဖော် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

Contact:

- + 918798565564
- + 918798511330